# မခေါ်ယန်ကျေးရွာ

## မုန်းဒိန်ပါကျေးရွာအုပ်စု၊ မံစီမြို့နယ်

## ကချင်ပြည်နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာတမ်း

(ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ မခေါ်ယန်ကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မံစီမြို့နယ်၏ အကူအညီဖြင့်ရေးဆွဲပါသည်။)

ဇူလိုင်၊ ၂၀၂၁

## မာတိကာ


မာတိကာ

၁။ တည်နေရာနှင့် ပထဝီအနေအထား

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

(င) ပညာရေး

(စ) ကျန်းမာရေး

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(ဇ) ကျား – မ ရေးရာ

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲများ

နောက်ဆက်တွဲ (၁) – ဖွံ့ဖြိုးရေးဗျူဟာ ဇယား

နောက်ဆက်တွဲ (၂) – ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

မဒေါယန်ကျေးရွာ၏ လူမှုရေး နှင့် အရင်းအမြစ်ပြမြေပုံ






UN
UN

## ၁။ တည်နေရာနှင့် ပထဝီအနေအထား

မခေါယန်ကျေးရွာသည် ကချင်ပြည်နယ် မံစီမြို့နယ် မုန်းဒိန်ပါကျေးရွာအုပ်စုတွင်ပါဝင်ပြီး မံစီမြို့နယ်၏အရှေ့တောင်အရပ် မိုင်းခေါင်ကျေးရွာနှင့်မုန်းဒိန်ပါ ကြားတွင်တည်ရှိသည်။ မိုင်းခေါင်ကျေးရွာနှင့် (၇)မိုင်ကွာဝေးပြီး၊ မုန်းဒိန်ပါကျေးရွာနှင့်(၃)မိုင် ကွာဝေးသည်။ ကျေးရွာသည်မြေပြန့်ဒေသတွင်တည်ရှိပြီး နွေအခါတွင် ရေရှားပါးသောဒေသဖြစ်သည်။

## ၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

နှစ်စဉ် မိုးရေချိန်လက်မ(၇၀)ခန့် ရရှိသည်။ သဘာဝပေါက်ပင်များမှာ ဝါး၊ ညောင်ပင်၊ မရမ်း၊ ကုက္ကို၊ သရက်နှင့် ၄က်ပျောစသော အပင်များပေါက်ရောက်သည်။ မိုးစပါးသီးနှံ စိုက်ပျိုးနိုင်သော လယ်(၁၀၁)ဧကရှိပြီး၊ နှစ်ရှည်သီးနှံပင်(သရက်၊မရမ်း)၊သခွား၊ငရုတ်၊ပြောင်းဖူး ဆောင်သီးနှံ များလည်းစိုက်ပျိုးကြသည်။သဘာဝပေါက် ဆေးဖက်ဝင်အပင်များမှာ ဆင်တုံးမနွယ်၊ ကြောင်လျှာပင်၊ ဆေးခါးပင်၊ နနွင်းနက်၊ နနွင်းဝါ၊ ငရုပ်ကောင်း၊ ဂျာမဏီပင်အနက်၊ ကချင်ဆေးပင်အမြစ်/အရွက်၊ ဆေး သစ်ခွ၊ ပန်းသစ်ခွ၊ ဝါး၊ ကျွန်း၊ ရေမနေ၊ တမာ၊ လျှော်ပင်များရှိသော်လည်း ကျေးရွာဖွံ့ဖြိုးရေးအတွက် ထိရောက်စွာအသုံးမပြုနိုင်ကြပါ။

## ၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

**ကျေးရွာတွင်း အဖွဲ့ပေါင်း (၉) ဖွဲ့ရှိပြီး** ပညာရေး**ကို အခြေခံသောအဖွဲ့ ၄ ဖွဲ့၊ လူမှုရေးနှင့်** ဘာသာရေး**ကို** ပူးတွဲ**အခြေခံ**၍လုပ်ဆောင်နေ**သောအဖွဲ့** ၅ ဖွဲ့ခန့်ရှိသည်။ **၄င်း အဖွဲ့များကို သုံးသပ်ရာတွင်ကျေးရွာမှ မိမိတို့ကိုယ်တိုင်လိုအပ်ချက်အရ ဖွဲ့စည်းသောအဖွဲ့များသည် တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်အဝရှိပြီး လူထုနှင့်လည်း အချင်းချင်းအပြန်အလှန် ယုံကြည်မှုရှိသည်။ လုပ်ငန်းလုပ်ဆောင်မှု ကောင်းမွန်ပြီး ကြာရှည်လည်းရပ်တည်နိုင်ကြသည်။ ပြင်ပမှုလုပ်ငန်းလိုအပ်ချက်အရဖွဲ့စည်းခဲ့သော အဖွဲ့များရှိသော်လည်း တာဝန်ယူမှုတာဝန်ခံမှု၊ အပြန်အလှန်ယုံကြည်မှုအားနည်းသည်။ လုပ်ငန်းစွမ်းဆောင်မှုလည်း အားနည်းသည်။ ရေရှည်ရပ်တည်နိုင်မှု မရှိကြပါ။** သက်ဆိုင်ရာစီမံချက်လုပ်ငန်း အကောင်အထည်ဖော်ရုံ သဘောမျှသာ ဖွဲ့စည်းထားသည့်ပုံစံဖြစ်ပါသည်။ ခြုံငုံ၍သုံးသပ်ရလျှင် သာရေးနာရေး ကိစ္စများဆောင်ရွက်ရန် မိရိုးဖလာဖွဲ့စည်းထားသော အဖွဲ့အစည်းများက အားကောင်းကြပြီး ကျေးရွာဖွံ့ဖြိုးရေးကိုစီမံကိန်းချ၍ ရေရှည်ဆောင်ရွက်နိုင်မည့် ကျေးရွာကိုကောင်းစွာ ဦးဆောင်စီမံခန့်ခွဲနိုင်သော အဖွဲ့အစည်းစနစ်မရှိပါ။ ကျေးရွာအတွင်းအဖွဲ့အစည်းများသည် တစ်ဖွဲ့နှင့်တစ်ဖွဲ့အပြန်အလှန် ချိတ်ဆက်မှုအားကောင်းပြီး အချင်းချင်းအပြန်အလှန်ရိုင်းပင်းကူညီမှုရှိကြသည်။

## (ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

ကျေးရွာ၏အဓိက ဝင်ငွေရလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ မိုးရာသီတွင်နှစ်စဉ်မိုးစပါးစိုက်ပျိုးနိုင်ကြသည်။ ကျေးရွာ၏ အဓိကစိုက်ပျိုးသီးနှံသည် မိုးစပါး၊ ပြောင်းဖူးနှင့် ဆောင်းသီးနှံတို့ဖြစ်သည်။ကျေးရွာတွင် ကုန်လျှောချောင်းနှင့်မခေါချောင်းတို့ စီးဆင်းလျှက်ရှိပြီး စိုက်ပျိုးရေအတွက် လုံလောက်မှုရှိပြီး မိုးရာသီတွင်စိုက်ပျိုးသောစပါးများသည် နှစ်စဉ်မိုးရေချိန် အတင့်သင့်ရရှိသောကြောင့် စပါးမျိုးအလွန်ကောင်းပါသည်။ စပါးတစ်ဧက အနည်းဆုံး တင်း (၄၀) မှ အများဆုံးတင်း (၆၀) ရှိပြီး ပျမ်းမျှ တစ်ဧက (၅၀) တင်းနှုံးထွက် ရှိသည်။ မိုးစပါးကို ဇူလိုင်လတွင်စတင်ပျိုးထောင်စိုက်ပျိုးကြပြီး နိုဝင်ဘာလတွင်ရိတ်သိမ်းကြသည်။

ဟင်းသီး/ရွက်များကို ကျေးရွာတွင်းစားသုံးရန်သာစိုက်ပျိုးကြပြီး အခြား ကျေးရွာများသို့ သွားရောက်ရောင်းချခြင်းမပြုကြပေ။စပါး၊ ဟင်းသီးဟင်းရွက်စသည်တို့အတွက် ဈေးကောင်းမရသောကြောင့် လယ်သမားများ အကျိုးအမြတ်ရရှိမှု နည်းပါသည်။ မိရိုးဖလာစိုက်ပျိုးလာသောဖော်ပြပါသီးနှံများကိုသာ စိုက်ပျိုးနိုင်ကြပြီး အခြားဈေးကွက်ဝင်သီးနှံ ရွေးချယ်စိုက်ပျိုးနိုင်ခြင်းမရှိပါ။ သီးနှံထုတ်လုပ်မှုမှ ဝင်ငွေနည်းသည့်အတွက် လူငယ်များသည် ပြင်ပသို့ထွက်၍ဝင်ငွေရှာကြရပါသည်။ အကျိုးဆက်အနေဖြင့် သီးနှံထုတ်လုပ်မှုတွင် လုပ်သားရှားပါးလာပါသည်။

ကျေးရွာတွင် မြေယာမဲ့ ၃၄ အိမ်၊ ဆင်းရဲသားတောင်သူ ၃၄ အိမ်ရှိသည်။ ကျေးရွာတွင် အိမ်မွေးတိရိစ္ဆာန်များကို အိမ်တိုင်းနီးပါး မွေးမြူကြသော်လည်း စီးပွါးဖြစ်မွေးမြူ လေ့ မရှိကြပါ။ နွားကို ၆ အိမ်မှ ၇ ကောင်၊ ကျွဲကို ၁၃ အိမ်မှ ၄၄ကောင်၊ ဝက်ကို ၂၆ အိမ်မှ ၄၀ ကောင်၊ ကြက်ကို ၃၁ အိမ်မှ ၂၉၆ ကောင် မွေးမြူကြသည်။ မွေးမြူရေးနှင့် ပါတ်သက်၍ ဈေးနှင့် နီးပြီး ဈေးကွက်အလုံလောက်ရှိပြီး တိုးမြှင့်မွေးမြူလိုကြသော်လည်း မွေးမြူရေးချေးငွေမရှိ အရင်းအနှီးနည်းသည်။

## (ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

ကျေးရွာတွင် သောက်ရေတွင်း(၂) တွင်းရှိသော်လည်း ရေအရည်အသွေး ကောင်း/မကောင်းမသိကြပါ။မိုးရာသီတွင် သောက်သုံးရေ လုံလောက်မှုရှိသော်လည်း နွေရာသီတွင်ရေရရှိနိုင်ရန် အလွန်ခက်ခဲလှပါသည်။ ထို့ကြောင့် သောက်ရေအလုံအလောက် ရရှိနိုင်ရန်အတွက် ရေတွင်းသစ်များ တူးဖော်ခြင်းနှင့်ရေတွင်းဟောင်းပြုပြင်ခြင်းများ လိုအပ်ပြီး ရေအရည်အသွေး စစ်ဆေးပေးနိုင်ရန်လိုအပ်ပါသည်။

ကျေးရွာတွင် အခြေခံမူလတန်းကျောင်းအဆင့်ရှိပြီး ကျောင်းသူ/သားဦးရေ (၃၁)ဦးရှိသည်။ ကျောင်းဆောင်(၂)ဆောင်ရှိပြီး ၂ခုပေါင်းအကျယ်အဝန်းမှာ အလျား ၁၁၀ပေ နှင့် အနံ ၆၀ ပေရှိသည်။

ကျေးရွာတွင်းလမ်းများမှာ မြေသားလမ်းဖြစ်ကြပြီး မိုးတွင်းအခါတွင် ရွှံ့တောလမ်းများဖြစ်ပြီး သွားလာရခက်ခဲခြင်းကြောင့် ပြုပြင်ရန်လိုအပ်ပါသည်။ ကျေးရွာချင်းဆက်လမ်းမှာလည်း ကျောက်ခင်းလမ်းဖြစ်ပြီး အရည်အသွေးညံ့သောကြောင့် ပြုပြင်ရန်လိုအပ်ပါသည်။

ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် ကျေးရွာတွင် ကျေးလက်ဆေးခန်းမရှိဘဲ အနီးဆုံး (၇) မိုင်ရှိ မိုင်းခေါင်ကျေးရွာတွင် ကျေးလက်ဆေးပေးခန်း ရှိပါသည်။ အရေးပေါ်ကိစ္စဖြစ်ပါက လမ်းခရီးမကောင်းသဖြင့် ခက်ခဲခြင်း၊အရေးပေါ်သွားလာရန် ယာဉ်မရှိခြင်းတို့ကြောင့် များစွာခက်ခဲလျှက်ရှိသည့်အတွက် ကျန်းမာရေးစောင့်ရှောက်မှုအတွက် ကျေးလက်ဆေးပေးခန်းနှင့် ကျန်းမာရေးဝန်ထမ်းများ လိုအပ်ပါသည်။

ကျေးရွာတွင် ၃၄ အိမ်ရှိသည့်အနက် ရေ လောင်း/ယင်လုံအိမ် သာ သုံးစွဲသူ ၁၅ အိမ်ရှိပြီး ယင်လုံအိမ်သာသုံးစွဲနိုင်မှုအားနေသည်ကို တွေ့ရနိုင်သည်။ ဆင်းရဲသားနှင့် ဆင်းရဲဆုံးအိမ်ထောင်စုများအတွက် ယင်လုံအိမ်သာ ပံ့ပိုးပေးခြင်း၊ ကျန်းမာရေးအသိပညာပေးခြင်းများလိုအပ်သည်။

ကျေးရွာတွင် မဟာဓါတ်အားလိုင်း လျှပ်စစ်မီးမရရှိပါ။လျှပ်စစ်ရရှိရန်အတွက် ဆိုလာစနစ်ကိုသာအသုံးပြုရပြီး အခြားအိမ်သုံးလျှပ်စစ်ပစ္စည်းများကိုအသုံးပြုရန် အလှမ်းကွာဝေးပါသည်။ ဒီဇယ်အင်ဂျင်အသုံးပြုရာတွင်လည်း ဆီဖိုးနှင့်ပြင်ဆင်ထိန်းသိမ်းစရိတ်များကြောင့် အသုံးပြုမှုနည်းပါးသည်။နေရောင်ကောင်းစွာမရရှိသောနေ့များတွင် ဖယောင်းတိုင် နှင့် ရေနံဆီမီးခွက်များအသုံးပြုရသောကြောင့် အလင်းရောင်လုံလောက်မှုမရှိ မီးဘေးအန္တရာယ်ရှိသည်။

ကျေးရွာဈေးနှင့် အခြားဈေးဆိုင်ခန်းများမရှိပေ။ အိမ်တွင်းစားသုံးရန်သီးနှံများ ကိုကိုယ်တိုင် စိုက်ပျိုးစားသုံးကြသည်။ အခြားစာသောက်ကုန်ခြောက် နှင့် ကုန်ပစ္စည်းများကို အခြားကျေးရွာများမှသာ ဝယ်ယူစားသုံးကြရသည်။

## (ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

ကျေးရွာတွင် အစိုးရစိုက်ပျိုးရေးချေးငွေ မရရှိပါ။စိုက်ပျိုးရေးအတွက် အတိုးနှုန်းများစွာဖြင့်ပြင်ပမှချေးယူလုပ်ကိုင်ကြရပြီး သီးနှံထွက်ရှိသောအခါ အကြွေးများအား အချိန်မှီပြန်လည်ပေးဆပ်ရန်အတွက် တောင်သူများသည် မိမိတို့သီးနှံများကို ဈေးကောင်း မစောင့်နိုင်ပဲ ရောင်းချကြရသဖြင့် တောင်သူများသည် မိမိတို့လုပ်အား၏အကျိုးခံစားခွင့် အပြည့်အဝမရရှိကြပေ။ ထို့ကြောင့်တောင်သူများအတွက် တင့်သင့်သောအတိုးနှုန်းဖြင့် စိုက်ပျိုးရေးချေးငွေ ထုတ်ချေးပေးခြင်း ၊ အခြားချေးငွေစီမံကိန်းများ ချထားပေးခြင်းနှင့် စပါး၊သီးနှံပွဲစားများ၏ ခေါင်းပုံဖြတ်မှုနည်းပါးရန်အတွက် နှစ်ရှည်ဈေးကွက်များ ပံ့ပိုးဖန်တီးပေးရန်လိုအပ်ပါသည်။

## (င) ပညာရေး

ကျေးရွာတွင် စာမတတ်သူ(၁၀)ဦး(ကျား-၆၊မ-၄)၊ မူလတန်းအဆင့်အတန်း ပညာပြီးမြောက်သူ (၅၅)ဦး (ကျား-၃၀၊မ-၂၅) ၊ အလယ်တန်းအဆင့် အတန်းပညာပြီးမြောက်သူ (၄၅) ဦး

(ကျား –၂၀၊ မ–၂၅)၊ အထက်တန်းအဆင့် အတန်းပညာပြီး မြောက်သူ (၄၁) ဦး (ကျား–၂၉၊မ–၁၂)၊ တက္ကသိုလ်၊ကောလိပ်အဆင့်အတန်းပညာပြီးမြောက်သူ (၅)ဦး (ကျား–၁၊မ–၄) ရှိသဖြင့် ကျေးရွာ၏ စာတတ်မြောက်မှုအခြေအနေ အသင့်တင့်ကောင်းမွန်သည်ကို တွေ့ရှိရပြီး အမျိုးသားများသည် အမျိုးသမီးများထက် ပညာတတ်မြောက်သူဦး ရေပိုများသည်ကို တွေ့ရသည်။

ကျေးရွာတွင် အခြေခံမူလတန်းအဆင့်ကျောင်းရှိပြီး ကျောင်းသားဦးရေမှာ ၃၁ ဦးရှိသည်။ ကျောင်းဆောင် အကျယ်အဝန်းလုံလောက်မှုရှိသော်လည်း အဆောက်အဦး လုံလောက်မှုမရှိပါ။ ဆရာ/ဆရာမ ဦးရေ ၃ ဦးရှိသဖြင့် လုံလောက်မှုရှိသည်။ ကျောင်းအိမ်သာ အခြေအနေအသင့်အတင့်ကောင်းမွန်သော်လည်း လုံလောက်မှုရှိပါသည်။

တပည့်ဆရာအချိုးမှာ ၇း၁ ရှိသောကြောင့် ဆရာ/ဆရာမ လုံလောက်မှုရှိသည်ဟုဆိုနိုင်သည်။ မသန်စွမ်းသူများအတွက် ပညာရေးအထူး အစီအစဉ်မရှိပါ။ ကျောင်းသုံးစာအုပ်နှင့် စာရေးကရိယာလုံလောက်မှုမရှိပါ။ ဆင်းရဲသောမိသားစုများအတွက် ကျောင်းစရိတ်မတတ်နိုင်မှုမှာ အသင့်အတင့်ရှိသည်။ ကျောင်းတွင် အားကစားကွင်းရှိသော်လည်း အားကစားပစ္စည်းလုံလောက်မှုမရှိပါ။ မိဘဆရာအသင်း၏ အခန်းကဏ္ဍ အသင့်အတင့်သာကောင်းသည်။

အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုသင်တန်းများ လက်လှမ်းမမီသောကြောင့် လူငယ်များမှာ အသက်မွေးဝမ်းကျောင်းပညာ နိမ့်ကျဆဲဖြစ်ပြီး၄င်းအတွက် ဖွံ့ဖြိုးရေးအစီအစဉ်များမရှိပါ။

**(စ) ကျန်းမာရေး**

အဖြစ်များသောရောဂါများဖြစ်သည့် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွါးမှု နိမ့်သည်။ သက်ကြီးရွယ်အိုများမှာ ဆီးချို၊သွေးချို၊သွေးတိုး၊ထုံကျင်၊ကိုက်ခဲခြင်းဝေဒနာများ ဖြစ်ပွားမှုများသည်ကိုတွေ့ရှိရသည်။ဆင်းရဲသားများမှာ ခြင်ထောင်မသုံးစွဲနိုင်ခြင်း၊ ရေဝပ်ခြင်းနှင့် ခြုံပုတ်များရှိပြီး ခြင်ပေါသဖြင့် သွေးလွန်တုတ်ကွေးအဖြစ်များသည်။ ငှက်ဖျားရှိသော်လည်း ဖြစ်ပွါးမှုနိမ့်သည်။ဟင်းခတ်အချိုမှုန့် အလွန်အကျွံအသုံးပြုခြင်း၊ ဓါတုဆေးဝါးပါသော အသား၊ ငါး၊ အသီးအရွက်များ၊အရောင်ချွတ်ဆေးပါသော အစားအစာများကို နေ့စဉ်အလွဲမရှောင်သာစားသောက်နေရခြင်းကြောင့် ဆီးချို၊သွေးတိုးရောဂါများ အဆိုးဆုံးဖြစ်ပွားပြီး ကျန်းမာရေးဆေးကုသစရိတ်ကုန်ကျမှုများသည်။ကျေးရွာတွင် အခြားကူးစက်ရောဂါများ ဖြစ်ပွားမှုမရှိပါ။ ကျေးရွာကျန်းမာရေးအနေဖြင့် ကျန်းမာရေးပညာပေးသင်တန်း၊ ကျန်းမာရေးလေ့ကျင့်ခန်းသုံးကျေးရွာတွင် ကျန်းမာရေးဗဟုသုတအားနည်းသဖြင့် ကျန်းမာရေးအသိပညာပေးခြင်းများလိုအပ်လျှက်ရှိသည်။ ကာကွယ်ဆေးများကို ပုံမှန်ထိုးနှံပေးလျှက်ရှိသည်။

ကျေးရွာတွင်ကျေးလက်ဆေးပေးခန်းမရှိပဲ အနီးဆုံးမိုင်းခေါင်ကျေးရွာတွင် ကျေးလက်ဆေးပေးခန်းရှိပြီး (၇)မိုင်ခန့်ကွာဝေးသည်။ အရေးပေါ်ကိစ္စများဖြစ်ပေါ်ပါက ကျေးရွာတွင် အရံသားဖွားသင်တန်း တက်ရောက်ပြီးသူမရှိခြင်း တိုက်နယ်ဆေးရုံမှာလည်း မံစီမြို့တွင်သာရှိပြီး

(၂၈)မိုင်ကွာဝေးသည်။ လမ်းပန်းဆက်သွယ်ရေး အခက်အခဲများကြောင့် အရေးပေါ်ကိစ္စများ အတွက် ကျေးရွာနေပြည်သူများမှာ များစွာခက်ခဲလျှက်ရှိသည်။

**(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

သဘာဝပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုအတွက် မြေဆီသြဇာအခြေ အနေအတွက် ရွှေ့ပြောင်းတောင်ယာနှင့်လယ်ယာ စိုက်ပျိုးခြင်းမရှိပါ။ လူအသုံးဝင်သော အပင် မျိုးစိတ်များ (ဝါး၊ သစ်၊ ဆေးဖက် ဝင် အပင်များ၊ သစ်ခွများ စသည်) မှာလည်း စည်းကမ်းမဲ့ ထုတ်ယူသုံးစွဲခြင်းနှင့် ထိန်းသိမ်းမှု အားနည်း ခြင်းတို့ကြောင့် ရှားပါးလာပြီး အန္တရာယ်ရှိမှု မြင့်သည်။ ရာသီဥတုဖေါက်ပြန်ခြင်းနှင့် ဓါတုဆေးဝါးများကို စနစ်တကျ သုံးစွဲခြင်းမရှိ သောကြောင့် ဖျက်ပိုးနှင့်ရောဂါကာကွယ်ထိန်းချုပ်မှုတွင်လည်း အန္တရာယ်ရှိမှုမြင့်သည်။ သစ်တောပြုန်းတီးမှုကြောင့် ရေထွက်နှင့်ရေအရင်းအမြစ်များ ခမ်းခြောက်လာသဖြင့် ရေအရင်း အမြစ်များ အန္တရာယ်ရှိမှုလတ်ဖြစ်သည်။ ဘက်ထရီဖြင့် ရှော့တိုက်ခြင်း၊ ပိုးသတ်ဆေးဘူး ခွံများ ကိုလယ်များ၊ ချောင်းများတွင် စည်းကမ်းမဲ့စွန့်ပစ်ခြင်းကြောင့် ငါးမျိုးကွဲများ ပြုန်းတီး လာကြပြီး အန္တရာယ်ရှိမှုမြင့်သည်။ စည်းကမ်းကဲ့ မုဆိုးလိုက်ခြင်းနှင့် ထိန်းသိမ်းမှု အားနည်း ခြင်းကြောင့် အခြားတောရိုင်း တိရိစ္ဆာန်များမှာလည်း ရှားပါးလာပြီးအန္တရာယ်ရှိမှုမြင့်သည်။ ဂျီ၊ တောဝက်၊ တောကြောင် အနည်းငယ်သာရှိပြီးရှားပါးလာသည်။

**(ဇ) ကျား – မ ရေးရာ**

ကျားမဆိုင်ရာအခွင့်အရေးအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများတွင် အမျိုးသားများ ကဦးဆောင်လေ့ရှိသည်။ ကျေးရွာတွင် စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများတက် ကြွစွာပါဝင် မှုခေါင်းဆောင်မှုမရှိသေးပါ။အမျိုးသမီးများမိမိကိုယ်မိမိ ယုံကြည်မှုအားနည်းနေ သောကြောင့် တာဝန်ယူနိုင်ခြင်းမရှိသေးပါ။ထိုကြောင့် အမျိုးသမီးများစွမ်းဆောင် ရည်မြှင့်တင် ရေးသင်တန်း များ၊ အိမ်တွင်းအကြမ်းဖက်မှု ကာကွယ်တာဆီးရေးသင်တန်းနှင့်ဥပဒေများကို အမြင့်ဖွင့်သင် ကြားခြင်းများလိုအပ်သည်။

လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ ထုတ်ကုန်လုပ်ငန်းများတွင် အမျိုးသားနှင့် အမျိုးသမီး လုပ်အားခတန်းတူရကြပြီး ကျွမ်းကျင်မှုကိုအခြေခံသော ဆောက်လုပ် ရေးလုပ်ငန်းတွင် အမျိုး သားနှင့်အမျိုးသမီး လုပ်အားခတန်းတူမရကြပါ။ အမျိုးသား တစ်ရက်လုပ်အားခ ၅၀၀၀ ကျပ် အထိ နှင့် အမျိုးသမီးများ တစ်ရက်လုပ်အားခ ၄၀၀၀ ကျပ်အထိရကြသည်။ ကျေးရွာတွင် ကျား/ မ လုပ်အားခ သိသာစွာခွဲခြားမှုမရှိဘဲ တန်းတူရသည်ဟုဆိုနိုင်ပါသည်။

## ၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

| စဉ် | ကဏ္ဍ | ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း | ဦးစားပေး အဆင့် |
|---|---|---|---|
| ၁ | လမ်းတံတားနှင့် အခြေခံ အဆောက်အဦဖွံ့ဖြိုးမှု စီမံကိန်း | ၁။ကျေးလက်တန်ဖိုးနည်းအိမ်ယာတည်ဆောက်ပေးရေး<br>၂။ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း<br>၃။ဆက်သွယ်ရေးတာဝါတိုင်တည်ဆောက်ပေးခြင်း<br>၄။ကျေးရွာခန်းမဆောင်တည်ဆောက်ခြင်း | ၃<br>၅<br>၉<br>၁၀ |
| ၂ | ပညာရေးဖွံ့ဖြိုးမှုစီမံကိန်း | ၁။ KG ဆောင်တည်ဆောက်ခြင်း | ၇ |
| ၃ | သောက်ရေနှင့် သန့်ရှင်းမှု ဖွံ့ဖြိုးမှု စီမံကိန်း | ၁။ သောက်ရေအရည်အသွေးစစ်ဆေးခြင်း<br>၂။ စက်ရေတွင်းတူးဖော်ခြင်း | ၁ |
| ၄ | လျှပ်စစ်မီးဖွံ့ဖြိုးရေးစီမံကိန်း | ၁။ဆိုလာမီးလင်းရေး | ၆ |
| ၅ | ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု ဖွံ့ဖြိုးရေးစီမံကိန်း | ၁။ အတိုးနှုန်းသက်သာသော နှစ်ရှည်ချေးငွေ | ၈ |
| ၆ | မူဝါဒများ | ၁။ လယ်ယာမြေဖော်ထုတ်ပေးရေး<br>၂။ ပုံစံ (၇) ရရှိအောင်ဆောင်ရွက်ပေးရေး | ၂<br>၄ |

နောက်ဆက်တွဲ (၁)
ဖွံ့ဖြိုးရေးဗျူဟာ ဇယား

| ပြဿနာ | ပြဿနာဖြစ်ရသည့် အကြောင်းရင်းဇစ်မြစ် | ကျေးရွာဖွံ့ဖြိုးရေးအတွက်အထောက်အကူဖြစ်စေမည့်ပိုင်ဆိုင်နေသည့်အရင်းအနှီးများ/ အခြေအနေကောင်းများ | ကျေးရွာဖွံ့ဖြိုးရေး အတွက်အဟန့် အတားများ | ဖြစ်နိုင်ဖွယ်ရာဖြေရှင်းနည်း လမ်းများ | ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း |
|---|---|---|---|---|---|
| **၁။ ကဏ္ဍ- လမ်းတံတားနှင့် အခြေခံ အဆောက်အဦဖွံ့ဖြိုးမှု စီမံကိန်း** | | | | | |
| ကျေး လက် အိမ်ယာ | -စစ်ရှောင်ကာလ တွင်လူနေအိမ်များ ပျက်စီးခြင်း<br>-ဝင်ငွေမရှိ၍ဆင်းရဲပြီး နေအိမ်မဆောက်လုပ် နိုင်ခြင်း | မြေနေရာရှိခြင်းနှင့် အထောက်အကူပစ္စည်း များဒေသတွင်းဝယ်ယူ ရရှိနိုင်ခြင်း | -ဝင်ငွေနည်းပါး၍ ဆင်းရဲခြင်း | ကျေးလက်ဒေသဖွံ့ဖြိုးရေး ဦးစီးဌာနသို့ အခက်အခဲများတင်ပြခြင်း | တန်ဖိုးနည်းကျေး လက်အိမ်ယာတ ည်ဆောက်ပေး ခြင်းလုပ်ငန်း |
| ကျေးရွာ တွင်း လမ်းများ | ကျေးရွာတွင်းမိုးတွင်း အခါ၌သွားလာရခက်ခဲ ခြင်း | -လုပ်အားပါဝင်နိုင်ခြင်း | ဝင်ငွေနည်းပါး ခြင်းကြောင့် ရန်ပုံငွေထူ ထောင်နိုင်မှုမရှိ ခြင်း | ကျေးလက်ဦးစီးဌာနသို့တ င်ပြခြင်း | ကျေးရွာတွင်းကွန် ကရစ်လမ်းခင်း ခြင်းလုပ်ငန်း |

| | | | | | |
|---|---|---|---|---|---|
| ဆက်သွယ်ရေး | ဖုန်းဆက်သွယ်ရေးခက်ခဲခြင်းနှင့်အသိအမြင်ဖွံ့ဖြိုးမှုအားနည်းခြင်း | ဆက်သွယ်ရေးတာဝါတိုင်တည်ဆောက်ရန်မြေနေရာရှိခြင်း | အရင်းအနှီးမရှိခြင်းနှင့် မြို့နှင့်အလှမ်းကွာဝေးခြင်း | မြန်မာ့ဆက်သွယ်ရေးနှင့်ညှိနှိုင်းဆောင်ရွက်ခြင်း | ဆက်သွယ်ရေးတာဝါတိုင်တည်ဆောက်ခြင်းလုပ်ငန်း |
| ကျေးရွာခန်းမ | လူစုလူဝေးဖြင့်ဆောင်ရွက်ရသောကိစ္စရပ်များဆောင်ရွက်ရာတွင်မိုးလုံလေလုံခန်းမမရှိခြင်း | မြေနေရာလွတ်ရှိခြင်းနှင့်လုပ်အားထည့်ဝင်ခြင်း | အရင်းအနှီးရန်ပုံငွေမရှိခြင်းနှင့်ဆင်းရဲခြင်း | ကျေးလက်ဦးစီးဌာနသို့တင်ပြခြင်း | ကျေးရွာပိုင်ခန်းမဆောင်တည်ဆောက်ခြင်းလုပ်ငန်း |
| **၂။ ကဏ္ဍ- ပညာရေးဖွံ့ဖြိုးမှုစီမံကိန်း** | | | | | |
| ကျောင်းဆောင်မလုံလောက်ခြင်း | ကျောင်းသားဦးရေများလာခြင်းနှင့်ကျောင်းဆောင်မလုံလောက်ခြင်း | ကျေးရွာမှလုပ်အားပါဝင်နိုင်ခြင်း | ကျောင်းရန်ပုံငွေမရှိခြင်း | ပညာရေးဌာနသို့အခက်အခဲများတင်ပြခြင်း | kg ကျောင်းဆောင်တည်ဆောက်ခြင်း |
| **၃။ ကဏ္ဍ- သောက်ရေနှင့်သန့်ရှင်းရေး** | | | | | |
| အဝီစိရေတွင်း | ရေလုံလောက်စွာမရရှိခြင်း | မြေအောက်ရေရရှိနိုင်ခြင်း | နည်းပညာမရှိခြင်းနှင့်အတွေးအခေါ်နည်းပါးခြင်းနှင့်ငွေအရင်းအမြစ်မရှိခြင်း | ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနသို့တင်ပြခြင်း | စက်ရေးတွင်းတူးဖော်ခြင်းလုပ်ငန်း |

| | | | | | |
|---|---|---|---|---|---|
| **၄။ ကဏ္ဍ- လျှပ်စစ်မီးဖွံ့ဖြိုးရေးစီမံကိန်း** | | | | | |
| လျှပ်စစ်မီးအသုံးမပြုနိုင်ခြင်း | လျှပ်စစ်ဓါတ်အားမရရှိခြင်း | မဟာဓါတ်အားလိုင်းရရှိပါကလျှပ်စစ်ဦးစီဌာနနှင့်ချိတ်ဆက်ဆောင်ရွက်နိုင်ခြင်း | မဟာဓါတ်အားခွဲရုံနှင့်ဝေးကွာလွန်းခြင်း | လျှပ်စစ်ဦးစီးဌာနနှင့်ကျေးလက်ဦးစီးဌာနများနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း | လျှပ်စစ်မီးရရှိရေးစီမံကိန်းလုပ်ငန်းနှင့်ဆိုလာမီးလင်းရေးစနစ်ရရှိရေး |
| **၅။ ကဏ္ဍ-ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု** | | | | | |
| တောင်သူများနှင့်သင့်တော်သောငွေကြေးဝန်ဆောင်မှုမရှိ။ | စိုက်ဘဏ်နှင့်သမဝါယမ၊ အခြားသောချေးငွေစီမံကိန်းများမရှိခြင်း | နိုင်ငံတော်မှ ချေးငွေစီမံကိန်းများပံ့ပိုးပေးလျက်ရှိသည်။ | ချေးငွေရရှိပါကတောင်သူများနှင့်အခြေခံလူတန်းစားများလုပ်ငန်းများအဆင်ပြေဝင်ငွေတိုးနိုင်ခြင်း | လွှတ်တော်မှတဆင့်တင်ပြခြင်း | အတိုးနှုန်းသက်သာသောနှစ်ရှည်ချေးငွေ |
| **၆။ ကဏ္ဍ - မူဝါဒများ** | | | | | |
| လယ်ယာမြေဖော်ထုတ်ခြင်း | -အိမ်ထောင်စုများလာခြင်း<br>-ဆင်းရဲ၍လယ်ယာမဖော်ထုတ်နိုင်ခြင်း<br>-စစ်ဘေးရှောင်သည့်ကာလတွင်လယ်ယာမြေများပျက်စီးခြင်း | မြေနေရာလွတ်များရှိခြင်း | ငွေကြေးမတတ်နိုင်ခြင်း၊ဝင်ငွေမရှိခြင်း | လယ်ယာမြေနှင့်မြေစာရင်းဦးစီးဌာနသို့အခက်အခဲများတင်ပြခြင်း | စိုက်ပျိုးရန်လယ်ယာမြေများအကောင်အထည်ဖော်ဆောင်ရွက်ခြင်း |

| | | | | | |
|---|---|---|---|---|---|
| လယ်ယာမြေ<br>ပုံစံ(၇) | -ဆင်းရဲ၍လယ်ယာမဖော်ထုတ်နိုင်ခြင်း<br>-စစ်ဘေးရှောင်သည့်ကာလတွင်လယ်ယာမြေများပျက်စီးခြင်း | လယ်ယာမြေရှိခြင်း | နည်းလမ်းမသိခြင်း | လယ်ယာမြေနှင့်မြေစာရင်းဦးစီးဌာနသို့<br>အခက်အခဲများတင်ပြခြင်း | ပုံစံ (၇) ရရှိရေးဆောင်ရွက်ခြင်း |

**လူမှုစီးပွားရေးဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ (၂၅ ဇယား)/ (အချို့မြို့နယ်များတွင် ၄၈ ဇယား)**

**ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ**

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

**(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၁ | ၁ | ၂ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၅ | ၉ | ၁၄ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၁၅ | ၉ | ၂၄ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၁၂ | ၁၄ | ၂၆ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၅၈ | ၅၁ | ၁၀၉ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၆ | ၆ | ၁၂ |
| **စုစုပေါင်း** | | ၉၇ | ၉၀ | ၁၈၇ |
| **စုစုပေါင်း အိမ်ထောင်စု (၄၀)** | | **တစ်အိမ်ထောင်ပျမ်းမျှလူဦးရေ= ၄.၆၇** | | |

**ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် အိမ်ထောင်စုပေါင်း ၄၀ ရှိပြီး လူဦးရေပေါင်း ၁၈၇ (ကျား ၉၇ + မ ၉၀ ) ရှိသည်။ တစ်အိမ်ထောင်ပျမ်းမျှ ၄.၆၇ ရှိသောကြောင့် လူဦးရေတိုးပွါးမှုမှာ မြန်မာနိုင်ငံ၏ စံနှုန်းဖြစ်သော ၅ ယောက်နှုန်းနှင့် နီးစပ်မှုရှိသည်ကို တွေ့ရသည်။ ကျေးရွာတွင် နို့စို့အရွယ် ကလေးငယ် စုစုပေါင်း ၂ ဦး၊ **၅ နှစ်အောက်ကလေး ၁၄ ဦး ရှိသည်ကို သိရှိခြင်းအားဖြင့် ကာကွယ်ဆေးထိုးရမည့် ကလေး အရေအတွက်ကို အတိအကျ သိနိုင်ပြီး ကာကွယ်ဆေးထိုးနှံမှု အောင်မြင်မှု အခြေအနေကို အလွယ်တကူ တွက်ချက်နိုင်မည်။ မူလတန်းအရွယ် ကလေး ၂၄ ဦး (ကျား ၁၅ + မ ၉) နှင့် အလယ်တန်းကျောင်း သားအရွယ် ၂၆ ဦး (ကျား ၁၂+မ ၁၄) သိခြင်းဖြင့် ကျောင်းနေအရွယ်ကလေး တိုင်းကျောင်းနေ နိုင်ခြင်းရှိ/မရှိကို အလွယ်တကူ တိုင်းတာနိုင်မည်။ အလုပ်လုပ်နိုင်သော အရွယ် ၁၀၉ (ကျား ၅၈+ မ ၅၁)၊ ရှိသောကြောင့် ကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေ အသင့်အတင့်များ ပြားသည်ကို**

တွေ့ရသည်။ ၄င်းတို့ကို အလုပ်အကိုင်ဖန်တီးပေးခြင်း၊ အသက်မွေးဝမ်းလုပ်ငန်းများ ကျွမ်းကျင်တတ်မြောက်အောင် စွမ်းရည်မြှင့်တင်ပေးနိုင်ပါက ကျေးရွာဖွံ့ဖြိုးရေးအတွက်များစွာ အထောက်အကူဖြစ်မည်။ အလုပ်လုပ်ကိုင်နိုင်သောအရွယ်တွင် အမျိုးသား ဦးရေသည် အမျိုးသမီး ဦးရေ ထက် ၇ ဦး ပိုများနေသည်ကို တွေ့ရသည်။ ကျေးရွာတွင် သက်ကြီးရွယ်ကြီး ၁၂ ဦး (ကျား ၆+မ ၆) ဦး ရှိသည်ကို တွေ့ရသည်။ သက်ကြီးရွယ်ကြီးတွင်လည်း အမျိုးသားဦးရေနှင့်အမျိုးသမီးဦးရေသည် တူညီမှုရှိသည်။ကျေးရွာတွင် မသန်စွမ်းသူ (၁၆) ဦးရှိပြီး (ကျား၁၀+မ၆)အလုပ်လုပ်နိုင်သောမသန်စွမ်းသူ (၁၂)ဦးရှိသည်ကိုတွေ့ရှိရသည်။

**(ခ) အလုပ်လုပ်နိုင်သူ အင်အား**

**(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

**ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၃ | ၆၆ | | မြင့် ☐ လတ် ✓ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂ | | ၉ | မြင့် ☐ လတ် ☐ နိမ့် ✓ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၉ | | | မြင့် ☐ လတ် ✓ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | ၁ | မြင့် ☐ လတ် ☐ နိမ့် ✓ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / | | | | မြင့် ☐ လတ် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | ဝန်ထမ်း | | | | နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | | | မြင့် ☐ လတ်☐ နိမ့် ✓ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | | | | | နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐<br>နိမ့် ☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐<br>နိမ့် ☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐<br>နိမ့် ☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐<br>နိမ့် ☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐<br>နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | ၂ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | | | | |
| ၂၁ | ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | **စုစုပေါင်း** | | | | ☒ |

**ရင်းမြစ် … (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။** ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"** အရေအတွက်တွင် **"မိသားစုဝင်လုပ်အား" ထပ်မံ ထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူ များအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ –**"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တည်ထောင် လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင်လယ်ယာလုပ်ငန်းကိုအဓိကထားလုပ်ကိုင်ကြပြီး နေ့စားလုပ်ကိုင်သောအိမ်ထောင်စုများလည်းရှိသည်။ မွေးမြူရေးလုပ်ငန်းကို တစ်နိုင်တစ်ပိုင် လုပ်ကိုင်ကြပြီး အရောင်းအဝယ်လုပ်ငန်းကိုလုပ်ကိုင်သောအိမ်ထောင်စု(၁)စုသာရှိသည်ကိုတွေ့ ရှိရပြီး ကျေးရွာ၏စီးပွားဝင်ငွေရရှိမှုမှာ အလွန်နည်းပါးကြောင်းတွေ့ရှိရသည်။

## (ခ–၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၅၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၄၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်း ခြင်း၊ မွေးမြူခြင်း) | နေ့စား | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ် လုပ်ရေး နှင့် သဘာ၀ရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | | | | |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ-လက်ကား ရောင်း၀ယ်ရေး | နေ့စား | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | | | | |

**ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။**

**မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)**

**(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏ တစ်ရက်ဝင်ငွေ= (တစ်နာရီဝင်ငွေ × ၈)**

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာ၏ဝင်ငွေရလုပ်ငန်းမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း ဖြစ်သည်။ လုပ်ငန်းများတွင် အမျိုးသားနှင့်အမျိုးသမီး လုပ်အားခတန်းတူရကြပြီး လုပ်အားခ တစ်ရက်လုပ်အားခ ၅၀၀၀ ကျပ်အထိနှင့် အနည်းဆုံးလုပ်အားခ ၄၀၀၀ ထိ ရှိသည်။ ကျေးရွာ သည်မြို့နှင့်ဝေးကွာ၍ ကုန်ဈေးနှုန်းများကြီးမြင့်မှုကြောင့် လုပ်အားခနှုန်းထားများ ပိုပေးရခြင်း

ဖြစ်သည်။ လုပ်အားခနှုန်းများခြင်းကြောင့် လုပ်ငန်းပိုင်ရှင်များ အမြတ်ငွေ ရရှိမှုနည်းပါးပါသည်။ ကျေးရွာတွင် ကျား/မ လုပ်အားခ သိသာစွာ ခွဲခြားမှုမရှိဘဲ တန်းတူရသည်ဟု ဆိုနိုင်ပါသည်။

## (ဂ) သဘာဝရင်းမြစ်များ

### (ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| လယ်မြေ | ၁၂၀ | ကောင်း ✓ သင့်☒ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | ၁၀ | ကောင်း ✓ သင့်☐ ညံ့ ☒ |
| ဥယျာဉ်ခြံမြေ | ၆ | ကောင်း ☐ သင့်☒ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | | ကောင်း ☒ သင့်☐ ညံ့ ☐ |
| ဓနိတောမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စားကျက်မြေ | | ကောင်း ☐ သင့်☒ ညံ့ ☐ |
| မြေလွတ် မြေလပ် | | ကောင်း ☐ သင့်☒ ညံ့ ☐ |
| စုစုပေါင်း | | ☒ |

ရင်းမြစ် … (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လယ် ၁၂၀ဧက၊ တောင်ယာမြေ ၁၀ ဧက၊ ဥယာဉ်ခြံမြေ ၆ ဧက စုစုပေါင်း မြေ (၁၃၆) ဧက ရှိသည်။ ကိုင်း/ကျွန်းမြေမှာ မြေဆီလွှာအရည်အသွေး ကောင်းသော်လည်း ကျန်စိုက်ပျိုးမြေများမှာ မြေဆီလွှာ အရည်အသွေး သင့်သည်။ မြေလွတ် မြေလပ်များရှိသော်လည်း ကျေးရွာနှင့်ဝေးလွန်း သောကြောင့် စိုက်ပျိုးမြေချဲ့ထွင် နိုင်ခြင်းမရှိကြပါ။ လယ်ယာနှင့်ဥယျာဉ်ခြံများ စိုက်ပျိုးလိုသော်လည်း အချို့စိုက်ပျိုးမြေများကို သစ်တောမှ ဟန့်တားမှုခံရ၍ စိုက်ပျိုးမြေများ ပလတ်ထားရသည်။ ထို့ကြောင့် လယ်ယာမြေစီမံခန့်ခွဲရေး

နှင့်မြေစာရင်းဦးစီးဌာနမှ မြေယာပိုင် ဆိုင်မှုပုံစံ (၇) ကို ထိထိရောက်ရောက်ချပေးစေလိုပါသည်။

## (ဂ-၂) ခာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ခာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ခာတ်ငွေ့၊ ရေနံ၊ ကျောက်မျက်၊ ရွှေ စသည်။) | များ ☐ သင့် နည်း ☐ မရှိ ✓ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ✓ |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ ✓ သင့်☐ နည်း ☐ မရှိ ☐ | လွယ် ✓ခက်☐ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ✓ သင့်☒ နည်း ☐ မရှိ ☐ | လွယ် ✓ ခက်☐အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့်☐ နည်း✓ မရှိ ☐ | ☒ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီး ဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာအနီးပတ်ဝန်းကျင်တွင် ကျောက်၊သဲ၊ကျောက်စရစ်များ လွယ်ကူစွာရရှိနိုင်ပါသည်။ သဘာဝအပင်မျိုးစိတ်များပေါ်များ၍ လွယ်ကူစွာရရှိနိုင်ပါသည်။ ဆေးဖက်ဝင်အပင်များရှိသော်လည်း ဆေးပညာအသုံးချခြင်းနည်းပညာ အားနည်းခြင်းကြောင့် အကျိုးရှိရှိဖော်စပ် အသုံးပြုနိုင်ခြင်းမရှိဘဲ မိရိုးဖလာအစဉ်အလာအတိုင်းသာ အသုံးချနိုင်ပါသည်။ သဘာဝတိရစ္ဆာန်မျိုးစိတ်များသည် ယခင်ကာလများကပေါ်များခဲ့သော်လည်း ယခုအခါတွင်သစ်တောပြုန်းတီးမှုနှင့် ဘေးမဲ့တောများမရှိခြင်းကြောင့် မျိုးစိတ်များနည်းပါးပြုန်းတီးလာသည်ကိုတွေ့ရှိရပါသည်။

## (ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | | အသင့်အတင့် | | |
| အိမ်အခြေအနေ | | အသင့်အတင့် | ညံ့ | |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | | | | |
| အဓိကစီးပွားရေး လုပ်ငန်း | | စီးပွားဝင်ငွေ အသင့်အတင့် | | |
| အိမ်ထောင်စု (၄၀) | | | | |

**ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာ၏ အဓိကလုပ်ငန်းမှာ တောင်ယာနှင့်လယ်ယာ စိုက်ပျိုးခြင်းလုပ်ငန်းဖြစ်သည်။ ဥစ္စာဓနအဆင့်အခြေအနေများကို စစ်တမ်းကောက်ယူကြည့်ရာ အဆင်ပြေသောအိမ်ထောင်စုများသည်နည်းပါး၍ မပြေလည်သောအိမ်ထောင်စုနှင့် အလွန်မပြေလည်သောအိမ်ထောင်စုများသည် ပိုများနေသည်ကို လေ့လာတွေ့ရှိရပါသည်။

## (င) ထိခိုက်လွယ်မှု

### (င-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာ ဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီမှကောက်ယူမည်)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | ၁၀ | အခြားအစာပြောင်းလဲစား = ___________<br>အစာလျှော့စား = ___________<br>အထောက်အပံ့ယူ = ___________ |

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| | | ချေးယူ = ___________<br>လုပ်အားခကြိုယူ = ___________ |
| ၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု | ၂၀ | အခြားအစာပြောင်းလဲစား = ___________<br>အစာလျှော့စား = ___________<br>အထောက်အပံ့ယူ = ___________<br>ချေးယူ = ___________<br>လုပ်အားခကြိုယူ = ___________ |
| ၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု | ၁၀ | အခြားအစာပြောင်းလဲစား = ___________<br>အစာလျှော့စား = ___________<br>အထောက်အပံ့ယူ = ___________<br>ချေးယူ = ___________<br>လုပ်အားခကြိုယူ = ___________ |

ရင်းမြစ်..ဥစ္စာခနေအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ ဝမ်းစာဖူလုံမှုတွင် (၃) လအောက်ဖူလုံမှုမရှိသော အိမ်ထောင်စု (၁၀) စုရှိပြီး ၃လနှင့်၆လကြား (၂၀) စု နှင့် ၆ လနှင့်၁၂ လကြား (၁၀)စု ရှိသော်လည်း အစားအစာပြောင်းလဲစားသောက်ခြင်း၊ အစားလျှော့စားခြင်းများမပြုလုပ်ရပါ။ အလုပ်လုပ်နိုင်သူများသည် လုပ်အားခကြိုတင်ထုတ်ယူပြီးဖြေရှင်းကြသည်ကို တွေ့ရှိရပါသည်။ အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများဖွင့်လှစ်ပေးခြင်းဖြင့် ဝမ်းစာဖူလုံရေးအတွက် ဝင်ငွေများတိုးပွားလာမည်ဖြစ်ပါသည်။

(င-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | | | |

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | – | – | – |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၅ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | ၂ | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက်နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | | | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် မရှိပါ။ ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုမှာ ၅ စု၊ ဆင်း ရဲ၍ မိသားစုဦးရေများသည့် မုဆိုးဖို/တခုလပ် အိမ်ထောင်စုမှာ ၂ စုနှင့် အခြားဒေသသို့ ကြာမြင့်စွာ သွားရောက်နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု များမရှိပေ။၎င်းတို့အတွက် အလုပ် အကိုင် အခွင့်အလမ်းနှင့် အသက်မွေးဝမ်း လုပ်ငန်းကျွမ်းကျင်မှု ရှိလာပါက ဆင်းရဲသားများ မိသားစုဝင်ငွေ တိုးလာနိုင်ပါသည်။

## (င–၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | **ထိခိုက်လွယ်မှု** (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မြင့် ☐ လတ် ✓ နိမ့်☐ မရှိ ☐ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မြင့် ☐ လတ် ✓ နိမ့်☐ မရှိ ☐ |
| ၃ | ရေကြီးခြင်း | မြင့် ☐ လတ် ☐ နိမ့်☒ မရှိ ✓ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐ လတ် ✓ နိမ့်☐ မရှိ ☒ |
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐ လတ် ☐ နိမ့်☒ |

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| | | မရှိ ☐ |
| ၆ | မုန်တိုင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၇ | လျှော် | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၈ | မီးဘေး | မြင့် ☐ လတ်✓ နိမ့်☒ မရှိ ☐ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မြင့် ☐ လတ် ☒ နိမ့်☐ မရှိ ☐ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ✓ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် ☐ လတ် ✓ နိမ့်☐ မရှိ ☐ |
| ၁၃ | တီဘီရောဂါ | မြင့် ☒ လတ် ☐ နိမ✓ မရှိ ☐ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် ☐ လတ် ☒ နိမ့်✓ မရှိ ☐ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မြင့် ✓ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မြင့် ✓ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၁၇ | လူကုန်ကူးခြင်း | မြင့် ☐ လတ် ☐ နိမ့်☒ မရှိ ✓ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | မြင့် ✓ လတ် ☐ နိမ့်☐ မရှိ ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှုအခြေအနေအရ ဝမ်းစာမဖူလုံမှု၊ သစ်တောပြုန်းတီးမှုနှင့် တိရစ္ဆာန်ကူးစက်ရောဂါ ကျရောက်မှုတို့မှာ ထိခိုက်လွယ် မှုမြင့်သည်။ ဝမ်းစာမဖူလုံမှုမြင့်ရခြင်းမှာ သီးနှံအထွက်နှုန်းနည်းခြင်း၊ စိုက်ပျိုးမြေနည်းခြင်း၊ စိုက်ပျိုးရေ အနေဖြင့် သွင်းရေမရဘဲ မိုးရေကိုသာ အားကိုးနေရခြင်း၊ နည်းပညာအားနည်းခြင်းတို့ကြောင့် ဖြစ်သည်။ သစ်တောပြုန်းတီးမှုမြင့်ရခြင်းမှာ သစ်တောများကို စည်းကမ်းမရှိခုတ်လှဲခြင်း၊ ဥပဒေ စိုးမိုးမှုအားနည်းခြင်း၊ ရွှေ့ပြောင်းတောင်ယာစနစ်ကျင့်သုံးခြင်းနှင့် ထင်းမီးသွေးစီးပွါးဖြစ် ထုတ်ယူခြင်းတို့ကြောင့်ဖြစ်သည်။ တိရစ္ဆာန်ကူးစက်မှုရောဂါ ကျရောက်မှု မြင့်ရခြင်းမှာ တိမွေးကု ဌာနမှ ဝန်ဆောင်မှုလုံလောက်စွာ မရရှိနိုင်ခြင်းနှင့် ကာကွယ်ဆေးထိုးဝန်ဆောင်မှု မရှိခြင်း ကြောင့်ဖြစ်သည်။

ငှက်ဖျားရောဂါကျရောက်မှု ထိခိုက်လွယ်မှု လတ်ဖြစ်ရခြင်းမှာ ငှက်ဖျားဇုံတွင် ကျရောက် နေခြင်းနှင့် ဆင်းရဲသားမိသားစုမှာ ခြင်ထောင်သုံးစွဲနိုင်ခြင်းမရှိသောကြောင့် ဖြစ်သည်။ကိုယ် ခံအားကျဆင်းမှုရောဂါ ထိခိုက်လွယ်မှု လတ်ဖြစ်ရခြင်းမှာ မူးယစ်ဆေးဝါးသုံးစွဲသူများရှိပြီး ၄င်းမှ တဆင့် ကူးစက်သောကြောင့်ဖြစ်သည်။ ကျန်ထိခိုက်လွယ်မှု အမျိုးအစားများမှာ နိမ့်ဖြစ်သည်။

## (င-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

| စဥ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) |
|---|---|---|
| ၁ | လူငယ် | မြင့် ✓ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | မြင့် ✓ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် ✓ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော ဒေသတွင် နေထိုင်သူ | မြင့် ☐ လတ် ☐ နိမ့်✓ မရှိ ☐ |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်✓ မရှိ ☐ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်✓ မရှိ ☐ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | မြင့် ✓ လတ် ☐ နိမ့်☐ မရှိ ☐ |

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) |
|---|---|---|
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | မြင့် ☐ လတ် ✓ နိမ့်☐ မရှိ ☐ |
| ၉ | ငါးကန်ပိုင်ရှင်များ | မြင့် ☐ လတ် ✓ နိမ့်☐ မရှိ ☐ |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်းများ | မြင့် ☐ လတ် ✓ နိမ့်☐ မရှိ ☐ |
| ၁၁ | လူနည်းစုလူမျိုးများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၄ | ရွှေတွင်းလုပ်သားများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၅ | ဆေးစွဲသူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☐ |
